**ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်လိုင်စင် လျှောက်ထားခြင်း**

| | |
|---|---|
| တင်ပြရန်လိုအပ်မည့်အထောက်အထားများ | (၁) ဖော်စပ်ထုတ်လုပ်မည့် ပိုးသတ်ဆေးများနှင့်ပက်သက်သော ပညာရပ်ဆိုင်ရာအချက်အလက်များ ဖော်ပြပါရှိမည့်ထုတ်လုပ်မှုနည်းစနစ်အကျဉ်း (စွန့်ပစ်ရေများ ရေသန့်စင်ရေးနှင့် အခြားစွန့်ပစ်ပစ္စည်းများ သန့်စင်ရေးလုပ်ငန်းများ အပါအဝင်)<br>(၂) ပိုးသတ်ဆေးမှတ်ပုံတင် သို့မဟုတ် ပြင်ဆင်မှတ်ပုံ တင်လက်မှတ်၊<br>(၃) ပိုးသတ်ဆေး မူပိုင်ရရှိထားသူ (သို့မဟုတ်) အဆိပ်ရှိ ပစ္စည်းထုတ်လုပ်သူ၏ သဘောတူညီချက်၊<br>(၄) ထုတ်လုပ်မှုတွင် ပါဝင်ဆောင်ရွက်မည့် တာဝန်ရှိပုဂ္ဂိုလ်များ၏ ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲခွင့် လက်မှတ်မိတ္တူ ၊<br>(၅) ဖေါ်စပ်မည့် ပိုးသတ်ဆေးစာရင်းနှင့် အရည်အသွေး စစ်ဆေးရန် ပိုးသတ်ဆေး နမူနာ<br>(၆) ထုပ်ပိုးမှု အရွယ်အစားနှင့် နှစ်အလိုက်ထုတ်လုပ်မည့် ပမာဏ၊<br>(၇) ထည့်သွင်း/ ထုပ်ပိုးပစ္စည်း နမူနာနှင့် တံဆိပ် (အညွှန်းစာ)များ၊<br>(၈) အသုံးပြုမည့်ပစ္စည်းကိရိယာများစုဆောင်းထားရှိမှု၊<br>(၉) လုပ်ငန်းခွင်ကျန်းမာရေးနှင့် စက်ရုံဝန်ထမ်းများ၏ ကျန်းမာရေးအတွက် ဆောင် ရွက်ထားရှိမှု၊<br>(၁၀) စွန့်ပစ်ပစ္စည်းများနှင့် ရေဆိုးများကို စနစ်တကျစွန့်ပစ်ရန် ဆောင်ရွက်ထားရှိမှု၊<br>(၁၁) မီးဘေးအန္တရာယ် ကာကွယ်ရန် ကိရိယာများ တပ်ဆင်ထားရှိမှု၊<br>(၁၂) စက်ရုံတွင်းမှ အနံ့အသက်များပပျောက်ရန်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်၊<br>(၁၃) ကုန်ကြမ်းပစ္စည်းများ သိုလှောင်မှုလုပ်ငန်းစဉ်၊<br>(၁၄) သဘာဝပတ်ဝန်းကျင်အန္တရာယ်ကင်းစေရေးအတွက်ဆောင်ရွက်ထားရှိမှု၊<br>(၁၅) ထုတ်လုပ်ပြီးသော ပိုးသတ်ဆေးများကို သိုလှောင်မည့် လုပ်ငန်းစဉ်နှင့် သိုလှောင်ရုံအတွက် လက်လီလက်ကား ရောင်းချခွင့်လိုင်စင်၊<br>(၁၆) သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်များ၊<br>(၁၇) လိုင်စင်လျှောက်ထားသည့် စက်ရုံအတွက် လိုအပ်မည့် (တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်အလိုက် သက်ဆိုင်ရာဌာနဆိုင်ရာများ၏ ထောက်ခံချက်များ) |
| လက်တွေ့လုပ်ထုံးလုပ်နည်း | (က) လျှောက်ထားသူသည် တင်ပြရန် လိုအပ်မည့်အထောက်အထားများကို စိုက် ပျိုးရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည် ဖြစ်ပါသည်။<br>(ခ) ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ပိုးသတ်ဆေး နည်းပညာ |

| | |
|---|---|
| | ကော်မတီဝင်များ ပါဝင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းကာ စက်ရုံအား ကွင်းဆင်းစစ်ဆေးပါမည်။<br>(ဂ) ကွင်းဆင်းစစ်ဆေးအစီရင်ခံစာကို ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာနမှ စိစစ်ပြီးပါက ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာနထံ တင်ပြကာ သတ်မှတ်ထားသော လိုင်စင်ကြေးသတ်မှတ်ထားသည့်နည်းလမ်းအတိုင်း သက်ဆိုင်ရာကုမ္ပဏီမှ ပေးသွင်းပြီး ပုံစံ(၄) ဖြင့် လိုင်စင်ထုတ်ပေးပါသည်။ |
| ဝန်ဆောင်ခ | - ၃နှစ်လျှင်၁,၀၀၀,၀၀၀ ကျပ် (ဆေးတစ်မျိုးအတွက်) |
| ကြာမြင့်ချိန် | - လိုအပ်သည့်အချက်၊ တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံလျှင် အလုပ်လုပ်ရက် (၂) ပတ်နှင့်လိုအပ်သည့်အချက်၊ တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံမှု ရှိ/မရှိပေါ် မူတည်၍ အချိန်ကြာမြင့်နိုင်မည်။ |
| မှတ်ချက် | - |
| လျှောက်ထားရမည့်နေရာ | လျှောက်လွှာအားညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊စိုက်ပျိုးရေးဦးစီးဌာန၊ရုံးအမှတ်(၁၅)၊နေပြည်တော်သို့လိပ်မူ၍လျှောက်ထားရမည်။ |
| အတည်ပြုလက်မှတ်ရေးထိုးသည့် ရာထူး/အဆင့် | ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန |

**Application for License of Formulation of Pesticide**

| | |
|---|---|
| **Necessary Documents** | (a) Brief description of technological production process including decontamination of waste and other discharge of the plant<br>(b) Pesticide Registration Certificate that issued by Pesticide Registration Board<br>(c) Written consent of the patent owner of pesticide or manufacturer of the active ingredient<br>(d) Copy of Certified Pesticide Applicator Certificate of the persons who involved in production<br>(e) List of pesticide to be formulated and pesticide sample for quality control test<br>(f) Packaging size and production amount per year<br>(g) Packaging Type Sample and Labels of Pesticides<br>(h) Implementation of instruments used for formulation<br>(i) Medical instruction for workplace and workers<br>(j) Systematic disposal of waste and other discharge of the plant<br>(k) Installation of fire safeguard equipments<br>(l) Neutralization process of odour in the plant<br>(m) Storage process of raw materials<br>(n) Safety precaution of the environment<br>(o) Storage process of pesticide being produced and wholesale and retail license for garage<br>(p) Transportation process<br>(q) Recommendation letter for the plant from relevant State/Region/District officers |
| **Procedures** | (a) The necessary documents are submitted to the Department of Agriculture.<br>(b) Pesticide Registration Office, Plant Protection Division, Department of Agriculture will organize Technical Committeee member for inspection. And Inspection team will make a field inspection to the Factory. |

| | |
|---|---|
| | (c) Director, Plant Protection Division, Department of Agriculture will evaluates the field inspection report and Director General, Department of Agriculture will issue the license with Form 4 after payment advice for license fees by respective company. |
| **Service Fee** | 1,000,000 MMK per 3 years (for one product) |
| **Time** | It depends on whether the submitted documents are complete or not. If complete, it takes 2 weeks. |
| **Place for Submission** | Department of Agriculture |
| **The Signing Status/ Remark** | Director General of Department of Agriculture |